# မန်းမင်းသတင်းလွှာ

အမှတ် (၈) အောက်တိုဘာလ (၁၆)၊ ၂၀၁၄


# ဘုရားသခင်၏မေတ္တာသည် ဝေးလံသောအရပ်အစွန်အဖျားနိုင်ငံသို့ ရောက်ရှိခဲ့ပြီ




"မေရှိယကို စောင့်မျှော်နေကြသော ကျွန်ုပ်တို့ ဂျူးလူမျိုးများ ပြန်လည်နိုးကြားလာသည့်နောက် အမှု တော် မြတ်လုပ်ငန်းကို တက်ကြွစွာ လုပ်ဆောင်နေကြလျက်ရှိသည်၊ ဤသာသနာလုပ်ငန်းအတွက် စွမ်းစွမ်းတမံထောက်ပံ့ပေးသော ဒေါက်တာဂျေရောက်လီကို ကျေးဇူးတင်ပါသည်။ ဘုရားသခင် ရွေးကောက်ထားသော ဣသရေလ လူမျိုးများအတွက် ဒေါက်တာဂျေရောက်လီကို စေလွှတ်ခဲ့သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်" ဟု ရိရှုန်လက်ဇီအုန်း ၌ရှိသော ခရောင်းဂျူးဝဲလ် အသင်းတော်၏ သင်းအုပ်ဆရာရှူလီအာဗရာမှက ထုတ်ဖော်ခဲ့သည်၊

### ဣသရေလအနွယ်ဝင်ပေါင်းစုံသာသနာလုပ်ငန်း၏ အကျိုးဆက်ဖြစ်သောခရစ်စတယ်လ်နီနှော့ဖလှယ်ပွဲ

အဖသင်းအုပ်ဆရာ ဒေါက်တာဂျေရောက်လီသည် ဣသရေလသာသနာပြုလုပ်ငန်းကို ၁၉၈၂ ခုနှစ်မှစ တင်လုပ်ဆောင်ခဲ့ပြီး အဆက်မပြတ် ဆုတောင်းခဲ့ရာမှ ထိုနိုင်ငံသည် ဧဝံဂေလိနှင့် အဝေးဆုံးနေရာဖြစ်သဖြင့် ၂၀၀၇ ခုနှစ်တွင် ကိုယ်တိုင်သွားရောက်ကာ လည်ပတ်၍ ကြည့်ရှုခဲ့သည်၊

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလတွင် ယေရှုဆလင်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ဗဟိုညီလာခံခန်းမ၌ ဣသ ရေလအသင်းအုပ်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ဣသရေလ စုပေါင်းတရားပွဲ၌ ယေရှုသည် တစ်ပါးတည်းသော ကယ်တင်ရှင် ဖြစ်ကြောင်း ရဲရဲတောက် ဟောပြောခဲ့သည်၊ ထို့နောက် ကျန်းမာရေးမကောင်းသူများအတွက် ဆုတောင်းပေးခဲ့ရာ အနာငြိမ်းခြင်း အခွင့်ရရှိခဲ့ကြောင်း သက်သေခံချက်များ ကြားခဲ့ရသည်။ ထိုတရားဟောချက်ကို နိုင်ငံပေါင်း ၂၂၀ သို့ လေလှိုင်းမှသော်လည်းကောင်း၊ ရုရှားတီဗီအင်၊ အင်နလစ်၊ စီအင်အယ်၊ ဒီကျာယ်ကွန်ရို အပါအဝင် ရုပ်သံလွှင့်ဌာန (၃၃) ခုမှ ထုတ်လွှင့်ပြသ ပေးခဲ့သည်၊

ဣသရေလ နိုင်ငံသား အများစုသည် ဂျူးဘာသာဝင်များသည် အားလျော်စွာ တစ်ဆူတည်းသော ဘုရား ကို ကိုးကွယ်ကြလျက် ရှိသည်၊ မေရှိယကို ကိုးကွယ်သော ဂျူးလူမျိုးများသည် လူနည်းစုဖြစ် ၍လူ့ဘောင် အသိုင်းအဝိုင်း မှ ပစ်ပယ်ခြင်း ခံနေကြရသည်။ သို့သော်လည်း ထိုနိုင်ငံတွင် တရားပွဲကြီးကျင်းပသည့် နောက် ခရစ်စတယ်လ် နီးနှော့ဖလှယ်ပွဲ၏အကျိုးဆက်အနေဖြင့် ပုံစံအမျိုးမျိုးဖြင့် သာသနာလုပ်ငန်းကို လုပ်ဆောင် နေကြလျက် ရှိသည်၊ ခရစ်စတယ်လ်နီနှော့ဖလှယ်ပွဲကို ကျင်းပလျက် ဣသရေလသင်းအုပ်များအဖွဲ့ချုပ်ကို ဖွဲ့ စည်းနိုင်ခဲ့ကြခြင်းသည်၊ ဒေါက်တာဂျေရောက်လီ၏ မဆုတ်မနစ်ကြိုးစားခဲ့သော အားထုတ်မှုဖြစ်သည်၊

### ခရစ်စတယ်လ်နီနှော့ဖလှယ်ပွဲမှတဆင့် သာသနာလုပ်ငန်းအမျိုးမျိုးစတင်လည်ပတ်မှုရှိလာခြင်း

ခရစ်စတယ်လ်နီးနှော့ဖလှယ်ပွဲ၏ အုပ်ချုပ်မှု ပါစတာအိုလစ်၍ ဟာဇင်က "၂၀၀၉ခုနှစ် အနာငြိမ်းခြင်း တရားပွဲ ကျင်းပတဲ့နောက်ပိုင်း ကျွန်တော်တို့လည်း သန့်ရှင်းခြင်း ဧဝံဂေလိတရားကို ရဲရဲတောက် ဟောပြော နိုင်ခဲ့ပါပြီ၊ အဲဒီနောက် အနာငြိမ်းခြင်းဝတ်ပြုစည်းဝေးများ၊ ဂီတပွဲတော်များ၊ ကလေးစခန်းသွင်းသင်တန်းများ၊ သင်းအုပ်အား သစ်လောင်းသင်တန်းများ၊ စုံတွဲသင်တန်းများ၊ ဆုတောင်းစည်းဝေးများကို ကျင်းပနိုင်ခဲ့ကြတယ်" ဟု ပြောခဲ့သည်၊ ဟိုင်ဖာမြို့ ဘုန်းကြီးသော ဘုရင်အသင်းတော်၏ အသင်းအုပ်ဆရာ ဒံယေလမသဣသရေ လနိုင်ငံ ၏ နိုးထမှုနှင့်ပတ်သက်၍ "ခရစ်စတယ်လ် နီးနှော့ဖလှယ်ပွဲအဖွဲ့၏ လက်အောက်ခံအသင်းတော်များသည် လွန်ခဲ့ သော နှစ်အနည်းငယ်မှစ၍ ရုပ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ပိုင်းဆိုင်ရာတွင် တိုးတက်မှု ရှိခဲ့သည်၊ နှစ်တိုင်း ခရစ်ယာန် ဘာသာဝင် ဖို့ မှတ်ပုံတင်လာကြတယ်၊ ကျွန်တော်တို့လည်း ဒေါက်တာလီ ဆုတောင်းတဲ့အတိုင်း အမေရိကနိုင်ငံ၊ ဂျာမဏီ၊ အက်စတိုနီးယား၊ လက်ဗီယား၊ လစ်သူနီးယား၊ ယူကရိန်း၊ ရုရှား၊ ကာဇက်ကစ်စတန်၊ အာရှနိုင်ငံများမှ အနာငြိမ်းခြင်းတရားပွဲများကို ကမ္ဘာ့သာသနာပြုလုပ်ငန်းအဖြစ်ပါဝင်ခွင့်ရရှိခဲ့ကြတယ်" ဟု ဝမ်းမြောက်စွာ ရှင်းပြခဲ့ သည်၊

### ခရစ်ယာန်များ၏ အဆင့်အတန်းတိုးတက်မှုရှိလာသကဲ့သို့ သင်းအုပ်များစည်းလုံးမှုရှိလာသည်

မန်းမင်းဗဟိုအသင်းတော်မှ သိက္ခာတော်ရ ဆရာဆိုဂျင်းလီသည် သင်းအုပ်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖြစ်သည့် အားလျော်စွာ ခရစ်စတယ်လ်နီနှော့ဖလှယ်ပွဲ ဂီတပွဲတော်တို့ကို နှစ်စဉ် ကျင်းပပေးသည်၊ ဂီတပွဲတော်တွင် မန်းမင်း ဂီတသမားများသည် ခရစ်ယာန်ယဉ်ကျေးမှုကို ရောင်ပြန်ဟပ်စေသည်။ ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်သောအခါ ပရိသတ်များမှလည်း ဘုရားသခင်ကို အားပါးတရ ချီးမွမ်းရသော အခွင့်ရှိခဲ့သည်၊ ၂၀၁၄ ခုနှစ်၊ မေလတွင် ဟိုင်ဖာမြို့ အိုဒစ်စီခန်းမ၌ ဂီတပွဲတော်ကျင်းပခဲ့ရာ အစ္စရေးလ်၊ ရုရှား၊ ယူကရိန်း၊ ဖိလိပိုင်၊ ဖင်လန်၊ ဟောင်ကောင် စသည့် နိုင်ငံမှ တက်ရောက်သူပေါင်း (၁၀၀၀) ရှိခဲ့သည်၊ ထိုအစီအစဉ်ကို ရုရှားနိုင်ငံ တီဗီအင် အသံလွှင့်ဌာနမှ နိုင်ငံပေါင်း (၁၈၀) သို့လွှင့်ခဲ့သည်၊

"အဲဒီနေရာမှာ မေရှိယကို ကိုးကွယ်တဲ့ ဂျူးလူမျိုးများဟာ သခင်ဘုရားကို ချီးမွမ်းခဲ့ကြတယ်၊ ဒီအစီ အစဉ်ဟာ အံ့သြဖွယ်ကောင်းလောက်အောင် ကြီးမားတဲ့ အစီအစဉ်တစ်ခု ဖြစ်တယ်၊ ဒီအစီအစဉ်အားဖြင့် ဣသ ရေလနိုင်ငံမှာ ခရစ်ယာန်တွေရဲ့ အဆင့်အတန်းဟာ မြင့်မားတိုးတက်လာတဲ့အပြင် သင်းအုပ်ဆရာများလည်း စည်းလုံးမှုရှိလာပြီ" ဟု သင်းအုပ်ဆရာ ဒီမီတရီ ပီထရိုဆ်စကီက ပြောခဲ့သည်၊

### ဝိညာဉ်ရေးရာ တိုးတက်လာစေရန် မန်းမင်းဗဟိုအသင်းတော်သို့ လည်ပတ်မည့်ခရီးစဉ်ကို ဣသရေလ သင်း အုပ်များမှ ထည့်သွင်းခဲ့ကြခြင်း

ဣသရေလသင်းအုပ်ဆရာများသည် ဒေါက်တာလီ၏ တရားဟောချက်များကို ဂျီစီအင် (တတတ. ါခညအလ. သမါ) တီဗီ အင်-ရုရှား၊ စီအင်အယ်လ်၊ သန့်ရှင်းသောဘုရားတီဗီ၊ ရှေ့နိုင်တီဗီများမှ ကြည့်ရှုခွင့်ရသည်သာမက သူထုတ်ဝေခဲ့သည့်စာအုပ်စာပေများဖြင့် ဝိညာဉ်ခွန်အား တိုးပွားခဲ့ကြသည်၊ အချို့သော သင်းအုပ်များသည် အသင်း တော်၏ နွေရာသီအားသစ်လောင်းသင်တန်း၊ ခေါင်းဆောင်သင်တန်းများသို့တက်ရောက်ပါဝင်ခဲ့ကြသည်၊

ယေရှုဆလင်မြို့ရှိ ဘုန်းကြီးသော ဘုရင် အသင်းတော်၏ သင်းအုပ် အိုရန်လီဗ်အာရီရီသည် ဟေရှာ ၁၀း၂၂ ကို အခြေခံလျက် ၂၀၁၄ခုတွင် ကျင်းပသည့် ဝိညာဉ်တော်နှင့် ပြည့်စုံခြင်းခေါင်းဆောင်မှုသင်တန်းကို တက်ရောက်ခဲ့သည်၊ သူက ကိုရီးယားနိုင်ငံမှာကြားခဲ့တဲ့တရားဟောချက်အတိုင်းဘုရားသခင်၏ အလိုတော်နှင့်အညီ အသက်ရှင်ဖို့ ကျွန်တော် ကြိုးစားခဲ့သည်၊ ဒေါက်တာလီက အပြစ်တရားကို စွန့်ပစ်ပြီး ထိရောက်သော သင်းအုပ်ဆရာဖြစ်ဖို့ ကျွန်တော့်အတွက် ဆုတောင်းပေးတာကို သတိရတိုင်း ဝမ်းသာလို့မျက်ရည်ကျခဲ့ပါတယ်" ဟု ဝန်ခံခဲ့သည်၊

ဘုရားသခင်သည် ဣသရေလနိုင်ငံကို ချစ်သကဲ့သို့ တစ်ခြားနိုင်ငံများကိုလည်း ချစ်တော်မူ၏။ မန်းမင်း ဣသရေလ သာသနာလုပ်ငန်းအားဖြင့် သာ၍ ဘုရားသခင်၏ တိုးပွားခြင်းအပေါ် ချီးမွမ်းခြင်း ရှိပါစေ။

# ငါမှတစ်ပါး အခြားသောဘုရားကို မကိုးကွယ်နှင့်

**"ထိုအခါ ထာဝရဘုရား မိန့်တော်မူသော စကားများဟူမူကား ငါသည် သင့်ကို ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ ဘုရားသခင်ထာဝရဘုရားဖြစ်၏။ ငါမှတစ်ပါး အခြားသောဘုရားကို မကိုး ကွယ်နှင့်" (ထွ ၂၀း၁-၃)။**



သင်းအုပ်ဆရာကြီးဒေါက်တာဂျေရောက်လီ

"ဘုရားသခင်၏ သားသမီးမှန်လျှင် သမ္မာကျမ်းစာ (၆၆) အုပ်ကို အားလုံး အလွတ်မရနိုင်သော်လည်း ပညတ်တော် (၁၀) ပါးကို လိုက်လျှောက်ရမည်။ ဘုရားသခင်သည် မောရှည်ကို အသုံးပြုခြင်းဖြင့် ဤပညတ်တော် များကို သူ၏သားသမီးများအတွက် ပေးအပ်ခဲ့သည်။ ထိုပညတ်တော်များကို သမ္မာကျမ်းစာ (သို့) အသက်ရှင်သော ဘုရား၏ နှုတ်ထွက်စကားအတွက် အနှစ်ချုပ်၊ သမ္မာကျမ်းစာ၏ ကန့်သတ်ချက်ဘောင်များပင် ဖြစ်သည်။

### ၁။ ယုံကြည်သူများအနေဖြင့် ပညတ်တော် (၁၀) ပါးကို စောင့်ရှောက်လိုက်နာရမည်

လောကတွင်လည်း ကျွန်ုပ်တို့ လိုက်နာရမည့် စည်းကမ်းချက်များ ရှိသကဲ့သို့ ယေရှုခရစ်တော်ကို လက်ခံ သောအားဖြင့် ဘုရားသခင်နှင့် သက်ဆိုင်သူများအနေဖြင့် ပညတ်တော် (၁၀) ပါးကို စောင့်ရှောက်ရမည်။

ပညတ်တော်ဆိုသည်မှာ သမ္မာကျမ်းစာ၏ ပညတ်တော် (၁၀) ပါးကို ဆိုလိုသည်။ ၎င်းတို့ကို လုပ်ဆောင်ပါ။ မလုပ်ရ။ စောင့်ရှောက်ပါ။ ထိုအရာကို စွန့်ပစ်ပါ စသည့်ဖြင့် ကဏ္ဍ (၄) ခု ခွဲထားသည်။ ထိုပညတ်တော်များကို စောင့်ရှောက်မည်ဆိုလျှင် ဘုရားသခင်၏ ကာကွယ်စောင့်ရှောက်မှုကို ခံရ မည်ဖြစ်ပြီး စာတန်၏ စုံစမ်းနှောင့်ယှက်ခြင်းထဲမှ ကင်းဝေးလိမ့်မည်။ အကယ်၍ ပညတ်တော်ကို ချိုးဖောက်သော သူသည် အပြစ်ကျူးလွန်သောသူ ဖြစ်သဖြင့် စာတန်၏ ထိန်းချုပ်မှုအောက်သို့ရောက်လျှင် နောက်ဆုံးတွင် ငရဲသို့ လားရမည်။

ဘုရားသခင်အနေဖြင့် ပညတ်တော်များကို ပေးရသည့်အကြောင်းရင်းကို သဘောပေါက်လျက် ကျွန်ုပ်တို့ အနေဖြင့် စောင့်ရှောက်ရမည်။ ဘုရားသခင်သည် ထိုအရာအားဖြင့် ကျွန်ုပ်တို့ကို ချည်နှောင်ဖို့ ရည်ရွယ်ထားခြင် မဟုတ်ဘဲ မျက်ရည်ကျခြင်း၊ နာကျင်ခြင်း၊ ရောဂါ၊ သေခြင်း ကင်းမဲ့သည့်နေရာ၊ ကောင်းကင်နိုင်ငံသို့ ထိုပညတ် တော်အားဖြင့် ခေါ်ဆောင်ဖို့ ဆန္ဒရှိသည်။ ထိုပညတ်တော်များကို စောင့်ရှောက်ခြင်းအားဖြင့် လောကတွင်လည်း ခံစားရသောကောင်းကြီးမင်္ဂလာကို ပျော်ရွှင်စွာ အသက်ရှင်နေထိုင်ခွင့် ရလိမ့်မည်။ ပညတ် တော် (၁၀) ပါးကို အားလုံး ဘယ်လို လိုက်လျှောက်နိုင်မလဲဟု အချို့တို့က စောဒကတက်လိမ့်မည်။ ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့ လိုက်လျှောက်နိုင်လိမ့်မည်။ ပညတ်တော်တို့ကို စောင့်ခြင်းအရာသည် ဘုရားသခင်ကို ချစ်ရာရောက်၏။ ပညတ် တော်တို့ကို စောင့်ခဲ့သည်မဟုတ် (၁ ယော ၅း၃)။

တစ်စုံတစ်ယောက်ကို ချစ်သောအခါ ကြီးမားသည့်အကြောင်းကိစ္စရပ်တစ်ခုအတွက် အကူအညီတောင်း သည့်အခါ၌ပင် ကျွန်ုပ်တို့အနေဖြင့် လိုလိုလားလား ကူညီပေးလိမ့်မည်။ ထိုနည်းတူစွာ ဘုရားသခင် ချစ်သော သူအတွက် ပညတ်တော်ကို စောင့်ဖို့ ခက်ခဲသည်မဟုတ်ပါ။ ဓမ္မဟောင်းခေတ်တွင် မိမိကြိုးစားအားထုတ် မှုဖြင့် ပညတ်တော်ကို လိုက်လျှောက်ရမည်ဖြစ်သော်လည်း ဓမ္မသစ်ခေတ်တွင်မူကား တစ်မူ ထူးခြားလိမ့်မည်။

ယဇ်ကောင်အဖြစ် မိမိကိုယ်ကို ပူဇော်ဖို့ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်းဖြင့် ကျွန်ုပ်တို့အား အပြစ်များထဲမှ ကယ်တင်ခဲ့သဖြင့် ကိုယ်တော်ကို ဤသို့ ယုံကြည်လက်ခံသောသူကို သန့်ရှင်းသော ဝိညာဉ်တော် ဘုရား အကူအညီ ပေးလိမ့်မည်။

မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှုအားဖြင့် ပညတ်တော်တို့ကို စောင့်ရှောက်နိုင်မည်မဟုတ်သော်လည်းသန့် ရှင်းသောဝိညာဉ်တော်၏ အကူအညီအားဖြင့်ဆိုလျှင် စောင့်ရှောက်နိုင်လိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် တည်းဟူသော သမ္မာတရားသည် ကျွန်ုပ်တို့ ထဲသို့ ကိန်းဝပ်မည်ဆိုလျှင် ထိုသမ္မာတရားဖြင့် အသက်ရှင်ခွင့်ရရှိလိမ့် မည်။

### ၂။ ဘုရားသခင်သည် ကယ်တင်ရှင်၊ ဖန်ဆင်းရှင်၊ တစ်ပါးတည်းသောအရှင်သခင်ဖြစ်တော်မူ၏

ထိုအခါ ဘုရားသခင် မိန့်တော်မူသောစကားဟူသည်ကား ငါသည် သင့်ကို ကျွန်ခံနေရာ **အဲဂုတ္တုပြည်မှ** ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ ဘုရားသခင် ထာဝရာဘုရားဖြစ်၏။ ငါမှတစ်ပါး အခြားသော မကိုးကွယ်နှင့် (ထွ ၂၀း၁-၃)။

ဤကျမ်းပုဒ်၌သင်တို့ဆိုသည့်စကားလုံးများတွင်မောရှည်နှင့်ဣသရေလလူမျိုးတို့ပါဝင်ခဲ့ကြသည်။ ယခုကာလအတွက်ဆိုလျှင် ယုံကြည်သူ ဘုရားသခင်၏ သားသမီးအားလုံး ပါဝင်လိမ့်မည်။ သူသည် နိမိတ်လက္ခဏာများစွာ ပြသသောအားဖြင့် ဣသရေလလူတို့ကို **အဲဂုတ္တုကျေးကျွန်ဘဝမှ** ကယ်တင်ခဲ့သည်သာမက အပြစ်၏ကျေးကျွန်ဘဝမှ ကျွန်ုပ်တို့ကို ကယ်တင်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အခြားသောဘုရားများကို မကိုးကွယ်ဘဲ ဘုရားသ ခင်တစ်ပါးတည်းကိုသာ ကျွန်ုပ်တို့ ကိုးကွယ်ရမည်။

ဘုရားသခင်တစ်ပါးတည်းသာ အနတ္တတန်ခိုးရှင်ဘုရား၊ အသက်ရှင်တော်မူသော ဘုရားဖြစ်သည်သာမက ကောင်းကင်နှင့်မြေကြီးအပါအဝင် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူ၏။ သူသည် စကြဝဠာကို ပိုင်သအုပ်စိုး တော်မူသောအရှင်၊ လူသားများ၏သမိုင်းကြောင်းကို ဖန်ဆင်းတော်မူသောအရှင်၊ သေခြင်း၊ အသက်ရှင်ခြင်း ဘဝကံကြမ္မာ၊ သမ္မာတရား၊ ထာဝရအသက်ကို ပေးပိုင်သော အရှင်ဖြစ်တော်မူ၏။ သာသနာပလူတို့သည် အခြား သောဘုရားများကို ကိုးကွယ်ခြင်းအားဖြင့် ဖန်ဆင်းရှင်ဘုရားနှင့် ဝေးကွာလျက် ရှိကြသည်။ အချို့တို့သည် နေ၊ မြောက်ဝင်ရိုးစွန်း၊ သစ်ပင် ၊ တိရစ္ဆာန်များကို ကယ်တင်ခြင်းမပေးနိုင် ကြောင်း သိလျက်ပင် ကိုးကွယ်ကြသည်။

"အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော်မူသော အရာများကို ထောက်ရှုသဖြင့် ထာဝရတန်ခိုးတော် အဖြစ် တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည့်ကာလမှစ၍ ထင် ရှားလျက်ရှိကြ၏။ထို့ကြောင့်သူတို့သည်ကိုယ့်အပြစ်ကိုမဖုံးနိုင်ရာ" (ရော၁း၂၀)။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကိုကြည့်မည်ဆိုလျှင် ဘုရားသခင်၏ တန်ခိုးကို တွေ့နိုင်သည့်အပြင် ဖန်ဆင်း ခြင်း၏ အထောက်အထားကိုပါ တွေ့ရလိမ့်မည်။

လောကလူသားများ၏ အခြေခံတည်ဆောက်မှုများမှာမူကား တူညီမှုရှိသည်။ အာဖရိက၊ ကော့ကေးရှန်း၊ အာရှတိုက် သားများအားလုံး မျက်စိ၊ နှလုံး၊ နားနှစ်ဖက်၊ ပါးစပ်တစ်ပေါက်စီ ရှိခဲ့ကြ၏။ ဒေသတစ်ခုတည်း၌ပင် ကွဲပြားခြားနား သော လူ၊ တိရစ္ဆာန်များ တွေ့ရသည်။ ထို့ကြောင့် ဖန်ဆင်းရှင်တစ်ပါးတည်းရှိကြောင်း သိရသည်။ ထို့အပြင် အခြားသဘာဝတရား၏ ဖြစ်ပျက်သော အရာများကို ကြည့်ခြင်းအားဖြင့် ဖန်ဆင်းရှင်ဘုရားရှိကြောင်း တွေ့ရသည်။

နေ့နှင့်ည၊ ဥတုသုံးပါး၊ ဒီရေအတက်အကျ၊ လေထု၏လှည့်ပတ်သွားလာခြင်းများသည် ကမ္ဘာ ၏ လှည့်ပတ်မှု၊ လှည့်ပတ်မှုကြောင့် ဖြစ်ပေါ်လာသည်။ စကြဝဠာတွင် အခြားကြယ်၊ ဂြိုဟ်များ ဖန်ဆင်းထားသဖြင့် ကမ္ဘာသည်လည်း အဆမတန် ဝေးကွာနေကြသော်လည်း အမှားအယွင်းမရှိဘဲ လည်ပတ်နေကြလျက် ရှိသည်။

စကြဝဠာသည် ဘုရားသခင်၏ ဥာဏ်တော်အားဖြင့် ဖန်ဆင်းထားသောအားဖြင့် ထိုသို့ ပုံမှန်လည်ပတ် နိုင်ခြင်းဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည့်ဖြစ်၍ ထိုအရာများသည် သူ၏ တန်ခိုးတော်ဖြင့် လည်ပတ်လျက်ရှိသည်။ ထို့ကြောင့် နောက်ဆုံးတရားစီရင်သောနေ့တွင် ဘုရားသခင် ရှိတယ်လို့ ကျွန်တော်မသိခဲ့ပါလားဟု မည်သူမျှ စောဒကတက်နိုင်မည်မဟုတ်ပါ။

သမိုင်းတွင် ဧဝံဂေလိတရားကို မကြားခဲ့ရသော်လည်း ဖန်ဆင်းရှင်ကို မှန်ကန်စွာ ကိုးကွယ်နိုင်သူ အမျိုးမျိုး ရှိခဲ့သည်။ ဂျိုဆွန်မင်းဆက်၏ တပ်မှူး ယီဆန်းရှင်သည် တစ်ဆူတည်းသော ဘုရားကို မှန်ကန်စွာ ကိုးကွယ်ခဲ့သူ တစ်ဦးဖြစ်သည်။ သူသည် ထာဝရဘုရားကို မသိသော်လည်း နတ်ဘုရားများကို ကိုးကွယ်ခြင်း မရှိခဲ့ပါ။ သူသည် ကောင်းကင်သို့ မျှော်ကြည့်လျက် ဆင်ခြင်တုံတရားဖြင့် ဖန်ဆင်းရှင်ကို ကြောက်ရွံ့သူဖြစ်သည်။

ထိုသို့သော သူတို့ကို ဘုရားသခင်သည် ရောမ ၂း၁၄-၁၆ အရ ဆင်ခြင်တုံတရားဖြင့် တရားစီရင်လိမ့် မည်။ ဓမ္မဟောင်းခေတ်ကာလတွင် လူအချို့တို့သည် ဧဝံဂေလိတရားကိုမကြားရသကဲ့သို့ဘု ရားသခင်၏ပညတ်တရား ကို မသိသော်လည်း သူတို့၏ ဆင်ခြင်တုံတရားဖြင့် ထာဝရသိလျက် ယုံကြည်လျှင် သူတို့အတွက် ကယ်တင်ခြင်း တံခါးဖွင့်ပေးလိမ့်မည်။

### ၃။ ဘုရားသခင်မှတစ်ပါး အခြားသော ဘုရားကို မကိုးကွယ်ဘဲနေရမည့်အကြောင်းတရား

အချို့သောခရစ်ယာန်များအနေဖြင့် အခြားဘုရားများကို အားကိုးယုံကြည်မှု ထားကြသည်။ ထို့ကြောင့် ဗေဒင်လက္ခဏာများ သွားကြည့်ခိုင်းကြသည်။ အချို့တို့အနေဖြင့် နတ်ကနားကပွဲများထဲသို့ ပါဝင်ခဲ့ကြသည်။ ထိုအရာ များအပေါ် သည်းခံရမည်ဟု သူတို့အနေဖြင့် ဆိုတတ်ကြလေ့ရှိသည်။ အချို့သော ခရစ်ယာန်များ အနေဖြင့် "ထာဝရ ဘုရား တစ်ပါးတည်းကိုသာ ကိုးကွယ်ရမည်ဟု ဆိုခြင်းသည် တင်းကြပ်လွန်းသော ပညတ်ချက် မဟုတ်ဘူးလား" ဟု ဆိုလေ့ရှိကြသည်။

ဘုရားသခင်သည် ဖန်ဆင်းရှင်ဘုရားဖြစ်သောကြောင့် အသက်နှင့် ကောင်းကြီးမင်္ဂလာကို ပေးနိုင်သော အရှင် ဖြစ်သည်။ အခြားသော ဘုရားကို ကိုးကွယ်ခြင်းသည် ဖန်ဆင်းရှင်ကို ဆန့်ကျင်ရာ ရောက်သောအမှု ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ ရန်သူ စာတန်၏ အုပ်ချုပ်သော မှောင်မိုက်နိုင်ငံထဲမှ ထွက်ပေါ်လာသူများ ဖြစ်သည်။ စာတန်သည် လူတို့အား လွဲမှားသော လမ်းသို့ ပို့ဆောင်လျက် အချည်းနှီးဖြစ်စေသည်။ သူသည် ကိုးကွယ်ခြင်းကို ခံပြီးမှ ပျက်စီးရာသို့ ပို့ဆောင်ပေးလိမ့်မည်။

ထာဝရဘုရားကို ကိုးကွယ်ပါသည်ဟု ဆိုသော်လည်း အခြားသောဘုရားကို ယုံကြည်သောခရစ်ယာန်များ အနေဖြင့် မျက်ရည်ကျခြင်း၊ ရောဂါဝေဒနာခံစားခြင်း၊ ဒုက္ခရောက်ခြင်းနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ဘုရားသခင် သည် ကျွန်ုပ်တို့အား အခြားသောဘုရားကို ကိုးကွယ်သောအမှုဖြင့် ပျက်စီးစေဖို့ အလိုမရှိသောကြောင့် အခြားဘုရား များကို မကိုးကွယ်ရဟု အမိန့်ပေးခဲ့သည်။ သူ့ကို ကိုးကွယ်ခြင်းဖြင့် ကောင်းချီးပေးခံရသော အသက်တာတွင် အသက်ရှင်လျက် ထာဝရအသက်ကိုလည်း ရရှိစေလိုသည်။

ခရစ်တော်၌ ချစ်သော ညီအကိုများ အသက်ရှင်တော်မူသော ဘုရားရှိကြောင်း သင်တို့အနေဖြင့် မြင်တွေ့ လျက် ကြားခဲ့ရသည့်အပြင် တွေ့ကြုံခဲ့ကြပြီး ဖြစ်သည်။ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူခဲ့သည်သာမက ပြုပြင် ထိန်းသိမ်းတော်မူသော အရှင်ကို စွဲမြဲစွာ ယုံကြည်ကိုးကွယ်ဖို့ ကျွန်ုပ်တိုက်တွန်းပါရစေ။ ဘုရားသခင်၏ သားသမီး များအနေဖြင့် ထိုသို့ ကိုးကွယ်သောအခါ ကောင်းချီးမင်္ဂလာများစွာ ခံစားစေဖို့ ကျွန်ုပ်ဆုတောင်းလျက် ရှိသည်။

Burmese
မန်းမင်းသတင်းလွှာ
မန်းမင်းဗဟိုအသင်းတော်မှ ထုတ်ဝေသည်။
လိပ်စာ - ၂၉၊ ဒီဂျီတယ်-ရို ၂၆-ကဲယ်၊ ကူရို-ကူ၊ ဆိုးလ်၊ ကိုးရီးယား၊ ၁၅၂-၈၄၈
ဖုန်း - ၈၂-၂-၈၁၈-၇၀၄၇
ဖက် (စ်) - ၈၂-၂-၈၁၈-၇၀၄၈
အီးမေးလ် - manminministry@manmin.org
ထုတ်ဝေသူ - ဒေါက်တာဂျေရောက်လီ
အယ်ဒီတာချုပ် - သင်းထောက်မကြီး ဂူဆမ်ဗင်း

## "ကျွန်မ၏ ဟာရာဒါမျက်စိရောဂါပျောက်ကင်းသက်သာခွင့် ရခဲ့ပါပြီ"



သင်းထောက်မ ယောင်မီယုသည် အမြင်အာရုံဝေဝါးသွားရာမှ မျက်စိရုတ်တရက်ကွယ်ခဲ့ရသည်။ သူမ၏ မျက်စိဖြင့် ရှေ့တည့်တည့်ကြည့်သောအခါ လှုပ်ရှားမှုများတွေ့လျက် ပတ်ဝန်းကျင်တွင် အဝါရောင်များ သန်းလျက် ရှိသည်။ သူမ၏ အမြင်အာရုံ ဆိုးသထက် ဆိုးလာသည်။ ထို့အပြင် ပို့အန်သည့်ရောဂါလည်း ဖြစ်ခဲ့သည်။ ထို့နောက် ရောဂါပြင်းထန်မှုကြောင့် နောက်ဆုံး ဆေးရုံသို့ ရောက်ခဲ့ရသည်။ မျက်စိကွယ်ရတော့မည့် ရောဂါပင် ဖြစ်သည်။ သူမ၏ မျက်စိတွင် အရည်အိတ်ထွက်လာသောကြောင့် ဆေးကုသသော်လည်း သာမန် အနေအထားထက် သာ၍ ဆိုးဝါးလာမည်ဆိုလျှင် မျက်စိနှစ်ဘက်စလုံး အလင်းကွယ်ရတော့မည်ဟု ဆရာဝန်များက မှတ်ချက်ချခဲ့သည်။ သို့သော် ဒေါက်တာဂျေရောက်လီ၏ ဆုတောင်းခြင်းကို ခံရသည့်နောက် ပြန်လည်ကျန်းမာခွင့် ရရှိခဲ့သည်။ သူသည် စာများကို ကောင်းမွန်စွာ ဖတ်ရှုနိုင်သည်သာမက အရောင်များကိုလည်း ကောင်းမွန်စွာ ခွဲခြားနိုင်ခဲ့သည်။

• ဆုတောင်းခြင်းမခံရမီ




• ဆုတောင်းပြီးနောက်






▲ ဆုတောင်းခြင်းခံယူသည့်နောက် အရည်အိတ်များ ပျောက်ကင်းလျက် သူမ၏ အမြင်အာရုံသည် ၀.၈၊ ၀.၂၅ မှ ၁.၀၊ ၁.၀ သို့ တိုးတက်လာသဖြင့် အရောင်မခွဲခြားနိုင်သည့်ရောဂါလည်း ပျောက်ကင်းသက်သာခွင့် ရရှိခဲ့သည်။

## "အိမ်ထောင်ကျပြီး (၁၀) နှစ်ကျော်မှသာလျှင် ကျွန်ုပ်တို့ သားတစ်ယောက် မွေးဖွားနိုင်ခဲ့ပါပြီ"

သင်းအုပ်အာဆစ်နာဇီး၏ ဇနီးသည် သားအိမ်မကောင်းသောကြောင့် ကလေးမရယူနိုင်ခဲ့ပါ။ သူတို့သည် ဒေါက်တာဂျေရောက်လီ၏ ဆုတောင်းချက်ခံယူဖို့ တောင်ကိုရီးယားသို့ သွားလိုသော်လည်း ပြည်ဝင်ခွင့်ဗီဇာမရခဲ့ ကြပါ။ ထို့ကြောင့် သူတို့၏ ဓါတ်ပုံကိုပို့၍ ဆုတောင်းခြင်း ခံယူခဲ့ကြသည်။ ထိုသို့ဖြင့် (၁၀) နှစ်တာ ကလေးမရနိုင်သော မိန်းမသည် ကိုယ်ဝန်ဆောင်လျက် သားတစ်ယောက် မွေးဖွားခွင့် ရခဲ့သည်။



## "ဝက်ရူးပြန်ရောဂါကြောင့် ကျွန်ုပ်ရူးသွပ်ခဲ့သော်လည်း ကျန်းမာခွင့် ပြန်လည်ရရှိခဲ့သည"

ဂျိုလဲလ်အာရ်မွတ်သည် နှလုံးခုန်စက်ဖြင့် တစ်ခါတစ်ရံ တို့ထိခြင်းလိုအပ်လျက် ဝက်ရူးပြန် ရောဂါထသည့် အချိန် ရှိခဲ့သည်။ သူသည် ဖိလိပိုင်နိုင်ငံထမှ အစည်းအဝေးသို့ ရောက်သောအခါ သတိလစ်သဖြင့် လူသေကဲ့သို့ ဖြစ်ခဲ့ရသည်။ သို့သော် ဒေါက်တာဂျေရောက်လီ၏ ဆုတောင်းခြင်းကို ခံယူသည့်နောက် ပြန်လည်ကျန်းမာလာသည့် အပြင် ကောင်းမွန်စွာ ပြန်လည်လမ်းလျှောက်နိုင်ခဲ့သည်။







## "ကျွန်မ၏ အရေပြားယောင်သည့် ရောဂါပျောက်ကင်းခွင့် ရခဲ့ပါပြီ"



မဆူဘင်ကင်းသည် အသက် (၄) နှစ်မှစ၍ အရေပြားရောင်သည့် ရောဂါ ခံစားခဲ့ရသည်။ အထက်တန်း ကျောင်းတက်နေစဉ် သူမ၏ ရုပ်ဆိုးသောမျက်နှာကို ဖုံးအုပ်ဖို့ နှာခေါင်းစည်းကို အမြဲတပ်ဆင်ခဲ့ရသည်။ သူမ ကောလိပ် တက်သောအခါ သာ၍ ဆိုးဝါးလာသည်။ ထို့နောက် သူမ၏ လွန်ခဲ့သော ခရစ်ယာန်အသက်တာကို ပြန်လည်ဆန်းစစ်ကာ လောကီသားများကဲ့သို့ အသက်ရှင်ခဲ့ခြင်းအပေါ် နောင်တရလျက် ဒေါက်တာဂျေရောက်လီ ထံသို့ သွားရောက်ကာ ဆုတောင်းခြင်းကို ခံယူခဲ့ရသည်။ ထို့နောက် သူမသည် ကျန်းမာပကတိ ဖြစ်ခဲ့ပြီ။



## "ကျွန်ုပ်သည် မသန်မစွမ်းဖြစ်နေရာမှ ကျန်းမာခွင့် ရရှိခဲ့ပါပြီ"



အက်ဒဝါဂူရီရိုသည် အမြင်အာရုံမကောင်းသောကြောင့် တည့်မတ်စွာ လမ်းမလျှောက်နိုင်သည့်အပြင် အကြားအာရုံလည်း ချွတ်ယွင်းခဲ့သည်။ သူ့ကို ဆေးစစ်ချက်ယူသောအခါ ကုသ၍ မပျောက်ကင်းနိုင်သည့် ရောဂါ အချို့ တွေ့ခဲ့ရသည်။ သူသည် ရေရှည်ဆေးဝါးများ သောက်သုံးရတော့မည်။ ထို့ကြောင့် သူသည် ဒေါက်တာဂျေရောက်လီ၏ ၂၀၁၄ ခုနှစ်တွင် ပီရူးနိုင်ငံ၌ ကျင်းပသည့် တရားပွဲသို့ သွား၍ ဆုတောင်းခြင်း ခံယူခဲ့သည်။ ထို့နောက် သူသည် တည့်မတ်စွာ လမ်းလျှောက်လျက် နားလည်း ပြန်လည်ကောင်းစွာ ကြားနိုင်လာကြောင်း တွေ့ရသည်။ သူ၏ MRI ဆေးစစ်ချက် အရ ဦးနှောက်တွင်လည်း ရောဂါလက္ခဏာ မတွေ့ရတော့ပါ။



▲ MRI ဆုမတောင်းခင်တနှစ် နာကျင်ကိုက်ခဲသည်



▲ MRI ဆုတောင်းပြီးတနှစ် ပျောက်သွားသည်

## "သူ၏ တန်ခိုးကြီးသော ကိုယ်စားပြုဆုတောင်းခြင်းကြောင့် ရေလွှမ်းမိုးခြင်း၏ နောက်ဆက်တွဲ သဘာဝဘေး ဒဏ်များ ရပ်တန့်ခြင်း"



ဩစတြေးလျနိုင်ငံ WCDN သင်တန်းဥက္ကဋ္ဌ ဒေါက်တာ မက်ကီကူပါက တောင်ကိုရီးယားနိုင်ငံတွင်ရှိသော ဒေါက်တာ ဂျေရောက်လီထံသို့ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့၌ ဆုတောင်းချက်တစ်ခုကို ပေးပို့ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလမှစ၍ ဘရစ်တန်မြစ်ရေသည် (၈) မီတာအထိ တက်လာသဖြင့် ကွင်းစလန်ဒေ သ၏ မြေနိမ့်ပိုင်း၊ ဆင်ခြေဖုံးရပ်ကွက်အားလုံး ရေလွှမ်းမိုးခြင်း ခံခဲ့ရသည်။ သို့သော် ဒေါက်တာ ဂျေရောက်လီ ဆုတောင်းသည့်နောက် မိုးရွာသွန်းမှု ရပ်တန့်သွားသည်ကို တွေ့ခဲ့ရသည်။

အကယ်၍ မိုးရွာခြင်းသည် ဇလဗေဒဌာန၏ ခန့်မှန်းချက်အရ ရပ်တန့်ခြင်းမရှိခဲ့သော်လည်း မကြာမီ အိမ်ခြေထောင်နှင့်ချီလျက် ရေအောက်သို့ ရောက်မည့် အလားအလာ ရှိသည်။ သူမသည် ဒေါက်တာဂျေရောက်လီ ၏ ဆုတောင်းခြင်းတန်ခိုးကို တွေ့ရသည့်နောက် ဝမ်းသာ၍ မဆုံးနိုင်အောင် ဖြစ်ခဲ့ရသည်။




၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် ဩစတြေးလျနိုင်ငံ ကွင်းစလန်ဒေသသို့ ကျရောက်ခဲ့သော ရေလွှမ်းမိုးခြင်းကြောင့် ပျက်စီးမှုများစွာ ဖြစ်ပွားခဲ့သည်။

| Date | Day | Temps Min °C | Temps Max °C | Rain mm | Evap mm | Sun hours |
|---|---|---|---|---|---|---|
| 1 | Sa | 21.7 | 28.4 | 0.4 | 6.6 | 0.0 |
| 2 | Su | 22.7 | 29.6 | 3.0 | 2.2 | 11.2 |
| 3 | Mo | 22.9 | 32.1 | 0 | 6.2 | 6.9 |
| 4 | Tu | 22.2 | 30.7 | 0 | 5.4 | 7.8 |
| 5 | We | 21.7 | 29.3 | 0 | 5.2 | 0.0 |
| 6 | Th | 20.5 | 24.8 | 41.8 | 4.6 | 0.0 |
| 7 | Fr | 19.3 | 26.8 | 35.6 | | 0.8 |
| 8 | Sa | 21.1 | 27.3 | 11.6 | 2.0 | 2.1 |
| 9 | Su | 22.0 | 27.8 | 12.2 | 2.4 | |
| 10 | Mo | 22.5 | 27.1 | 110.8 | 1.4 | |
| 11 | Tu | 23.8 | 28.6 | 15.4 | 2.0 | 0.0 |
| 12 | We | 21.9 | 29.6 | 40.0 | 2.4 | |
| 13 | Th | 22.1 | 28.4 | 0.4 | 7.8 | 6.9 |
| 14 | Fr | 19.4 | 28.9 | 0 | 8.2 | 11.8 |
| 15 | Sa | 20.2 | 28.8 | 0.4 | 7.2 | 9.2 |
| 16 | Su | 19.5 | 29.7 | 0 | 6.2 | |
| 17 | Mo | 19.5 | 33.5 | 0 | 7.0 | |
| 18 | Tu | 23.2 | 34.9 | 0 | 7.2 | 10.1 |
| 19 | We | 23.4 | 31.2 | 3.4 | 4.6 | 10.3 |

ဆုတောင်းခဲ့သည့်နောက် ဇန်နဝါရီလ (၁၃) ရက်နေ့မှစ၍ မိုးတိတ်သည့်အပြင် မြင့်တက်လာသောရေများ လျှင်မြန်စွာ ကျဆင်းခဲ့သည်။

# အသက်ရှင်သော ဘုရားကို သင်တွေ့ခဲ့ပါသလား

**ကနဦး အသင်းတော်တွင် တမန်တော်တို့အားဖြင့် နိမိတ်လက္ခဏာများစွာ ဖြစ်ပေါ်စေခဲ့ကြောင်း တွေ့ရ သည်။ ထိုနမိတ်လက္ခဏာအားဖြင့် အချို့သော အသင်းသားများသည် အသက်ရှင်သော ဘုရားကို တွေ့ ရှိခဲ့ကြပြီး ကယ်တင်ခြင်းစိတ်ချမှု၊ အနာငြိမ်းခြင်း၊ စက်ခဲမှု ပြဿနာများအတွက် အဖြေရရှိခြင်းများ ရှိခဲ့သည်။ အောက်တွင် သက်သေခံချက်အချို့ကို ဆက်လက်ဖော်ပြလိုပါသည်။**

## “ပြင်းထန်သော မိုးခေါင်ခြင်း ဘေးဒဏ်ရာ အဆုံးသတ်ခြင်း”



ဣသရေလနိုင်ငံတွင် ဒေါက်တာဂျေရောက်လီအနေဖြင့် ၂၀၀၉ ခု၊ စက်တင်ဘာလ (၆-၇) ရက်အကြား အံ့ဖွယ်အနာငြိမ်းခြင်းပွဲတော်ကို ကျင်းပနေစဉ် သင်းအုပ် ဒံနီယယ်ရောဇန်က ပြင်းထန်သည့် မိုးခေါင်ခြင်းအတွက် ဆုတောင်းခံချက် တင်ပြခဲ့သည်။ ထိုနိုင်ငံအတွက် မိုးရွာသွန်းစေဖို့ ဒေါက်တာလီအနေဖြင့် အားကြိုးမာန်တက် ဆုတောင်းခဲ့သည်။ ထိုအကြောင်းအရာကို ဣသရေလပြည်သူ တီဗီသတင်းမှ ထုတ်လွှင့်သောအခါ ကမ္ဘာတစ်လွှားမှ အံ့ဩ၍ မဆုံးနိုင်အောင် ရှိခဲ့ကြသည်။




## “ရေပူလောင်ထားသော ဒဏ်ရာ အံ့ဩဖွယ်ရာ သက်သာခွင့် ရရှိခဲ့ခြင်း”

သင်းထောက်မ ယွန်ဒုတ်ကင်သည် ဆိုးဝါးသော ရေပူလောင်ခြင်းခံခဲ့ရသူ ဖြစ်သည်။ သူမ၏ ဒဏ်ရာသည် တတိယအဆင့်သို့ ရောက်ရှိခဲ့သဖြင့် ဆေးဝါးကုသခြင်းဖြင့် ပျောက်ကင်းနိုင်တော့မည်မဟုတ်ဟု သိခဲ့ရပြီ။ သူမ သည် ဒေါက်တာလီ၏ ဆုတောင်းခြင်းကို ခံယူသည့်နောက် သူမ၏ အရေပြားသည် မူလပကတိအတိုင်း ပြန်လည် ရောက် ရှိခဲ့သည်အထိ သက်သာခွင့် ရရှိခဲ့သည်။







## “ကျွန်ုပ်၏ အေအိုင်ဒီအက်စ်ရောဂါ ပျောက်ကင်းသွားပါပြီ”



လာလီတာသည် လူကုန်ကူးသူများက မွန်ဆိုင်းမြို့သို့ ရောင်းခြင်း ခံခဲ့ရသည်။ သူမသည် ရဲဝန်ထမ်း များ၏ အကူအညီဖြင့် လွတ်မြောက်သော်လည်း အိတ်စ်ရောဂါဖြင့် ပြန်လာခဲ့ရသည်။ သူမသည် ကိုယ့်ကို သတ်သေ ဖို့ အားထုတ်ခဲ့သည်။

ထိုစဉ် ၂၀၀၂ ခု အိန္ဒိယ အံ့ဖွယ်ရာ အနာငြိမ်းခြင်းသတင်းကို ကြားရသဖြင့် သူမလည်း သွားရောက်ပါခွင့် ရခဲ့သည်။ ဒေါက်တာလီ၏ ဆုတောင်းချက်ကို ခံရစဉ် အလင်းရောင်ကျရောက်လာ သူမ၏ ခန္ဓာကိုယ် တုန်လှုပ်သွား ခဲ့သည်။ ထို့နောက် သူမသည် ဆေးစစ်ချက် ထပ်မံပြုလုပ်သောအခါ ရောဂါပိုး မရှိတော့ပါဟု ဆရာဝန်က အဖြေ ပေးခဲ့သည်။



ဆရာဝန်မှာ ဂါလျာနီတိုင်းဆေးရုံကြီး၏ ဆေးရုံအုပ် ဒေါက်တာ ရှိမုန် ဖြစ်သည်။



“သူမကို ဆေးစစ် တဲ့အခါ အနီရောင် မပြတော့တဲ့အတွက် သာမန်အဆင့်ကို ပြန် ရောက် သွားပါပြီ။ ဒါဘုရားသခင်ရဲ့ အလုပ်ဖြစ်တယ် ဆို တာ ကျွန် တော် မငြင်းနိုင်တော့ပါဘူး” ဟု ထိုဆရာဝန်က ဝန်ခံခဲ့သည်။

## “အသားပိုတက်လာသည့်နေရာမှ အသားများ ပျောက်ကင်းခြင်း”



သင်းထောက် ကွန်ဟင်တိမ်ခွန်နမ် အမျိုးသားတက္ကသိုလ်၏ ဟူဆန်ဆေးရုံသို့သွား၍ ဆေးစစ်ချက် ရယူခဲ့ သည်။ ဆရာဝန်က ကင်ဆာရောဂါ ပျောက်ဆေး (၈) ကြိမ်ထက်မနည်း သောက်ရမည်ဟု ညွှန်ကြားခဲ့သည်။ ဒုတိယ အကြိမ် ဆေးဝါးကုသခြင်းကို ခံရသည့်နောက် ဘုရားသခင်၏ မျက်မှောက်တော်သို့ နောင်တရသောအခါ အံ့ဩ ဖွယ် ရာများ အသင်းတော်တွင် ဖြစ်ပျက်ခဲ့ကြောင်း တွေ့ရသည်။ သူသည် သူ၏ အသက်တာကို ပြန်လည် ဆက် ကပ်ပြီးမှ ဒေါက်တာလီ၏ ဆုတောင်းချက်ကို ခံယူခဲ့သည်။ နှစ်ကြာပြီးမှ ဆေးစစ်ချက်ထပ်မံယူသောအခါ အသားပိုများ မတွေ့ရတော့ပါ။




▲ ဆုတောင်းပြီးနောက် နားတွင် ဆူညံသံမရှိဘဲ ကောင်းကောင်း ကြားနိုင်သည်

▲ ဆုတောင်းခြင်းမခံရမီ အကျိတ်ထွက်ခြင်း နားကန်းခြင်းရှိခဲ့သော်

▲ ဆုတောင်းခြင်းခံယူသည့်နောက် နှစ်မျိုးစလုံး သက်သာခွင့်ရရှိခဲ့သည်

## “ကျွန်တော့်နားဟာ တစ်ချိန်လုံး ပင်းနေတဲ့နေရာကနေပြီး အခုပြန်ကြားနိုင်တာကို တွေ့ရတယ်”

ဒေးဗစ်ဂွန်ဇာလစ်၏ ဘယ်ဘက်နားသည် ကောင်းစွာ မကြားရပါ။ ရေဒီယို (သို့) သူတစ်ပါး ပြောသည့် စကားကို ကောင်းစွာ မကြားရတော့ပါ။ သူသည် ၂၀၀၆ ခု၊ နယူးယောက် စုပေါင်းတရားပွဲသို့ သွား၍ ဒေါက်တာ လီ၏ ဆုတောင်းခြင်းကို ခံယူသည့် နောက်ချက်ခြင်း ဆိုသလို နားပြန်လည် ကြားရသည်ကို တွေ့ရသည်။



## “သာမန်ထက်လွန်ကဲသော မမျိုးဥများ သာမန်အဆင့်သို့ လျော့ချမှုခံရခြင်း”

သင်းထောက်မယွန်ဂီယင်သည် ကိုယ်ဝန်လေးလတွင် သန္ဓေသား မသန်မစွမ်းဖြစ်သည့် ဆေးစစ်ချက်ကို ရရှိခဲ့သည်။ သို့သော် ဒေါက်တာလီ၏ ဆုတောင်းချက်ကို ခံယူပြီးနောက် သာမန်အဆင့်ရှိသော ကလေးတစ် ယောက်ကို မွေးဖွားပေးနိုင်ခဲ့သည်။



GCN Global Christian Network
ဖုန်း - ၈၂-၂-၈၂၄-၇၁၀၇
www.gcntv.org
အီးမေးလ် - webmaster@gcntv.org

MIS အပြည်ပြည်ဆိုင်ရာမန်းမင်းစေမီနာရီ
ဖုန်း - ၈၂-၂-၈၁၈-၇၃၃၄
www.manminseminary.org
အီးမေးလ် - manminseminary2004@gmail.com

World Christian Doctors Network WCDN ကမ္ဘာလုံးဆိုင်ရာခရစ်ယာန်ဆရာဝန်များနက်ဝပ်
ဖုန်း - ၈၂-၂-၈၁၈-၇၀၃၉
www.wcdn.org
အီးမေးလ် - wcdnkorea@gmail.com

ယူရင်းစာအုပ်တိုက်
ဖုန်း - ၈၂-၇၀-၈၂၄၀-၂၀၇၅
www.urimbooks.com
အီးမေးလ် - urimbook@hotmail.com